**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ဘရပ်ဆဲလ်မြို့**

စာအမှတ်၊ ၃၄၆ / ၃၅ ၁၂ (စပရ)

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်

သို့

**ပြည်ထောင်စုဝန်ကြီးရုံး**

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

အကြောင်းအရာ ။ **စီးပွားရေးသတင်းများ ပေးပို့ခြင်း**

ဘယ်လ်ဂျီယံနိုင်ငံအပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးသတင်းများ (ရင်းနှီးမြှုပ်နှံမှုအပါအဝင်) (၃/၂၀၁၅) ကို တင်ပြအပ်ပါသည်။

**ပူးတွဲ (၅) ရွက်**

သံအမတ်ကြီး (ကိုယ်စား)

(ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး)

**မိတ္တူကို**

ဒုတိယသမ္မတ (၁) ဦးစီးရုံး

ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၃)

ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅)

ပြည်ထောင်စုဝန်ကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

ဥက္ကဋ္ဌ၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊

နိုင်ငံခြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## ဘရပ်ဆဲလ်မြို့

# စီးပွားရေးသတင်းများ

## (ရင်းနှီးမြှုပ်နှံမှုအပါအဝင်)

## ၃/၂၀၁၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘယ်လ်ဂျီယံနိုင်ငံတွင် ပြုလုပ်မည့် မြန်မာ့စီးပွားရေးအခွင့်အလမ်းများ ဆိုင်ရာဆွေးနွေးပွဲ | ၁ |
| ၂။ | မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမှတ်တမ်းရုပ်ရှင်အား Fox 5 New York Channel တွင် ထုတ်လွှင့်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် US – Television | ၁ |
| ၃။ | ဘင်္ဂလားဒေ့ရှ်ပင်လယ်ကမ်းခြေ ကာကွယ်ရေးကန်ထရိုက်အား ရရှိခဲ့သည့် ဒတ်ချ်ကုမ္ပဏီ | ၁ - ၂ |
| ၄။ | အငြင်းပွားဖွယ်ဖြစ်နေသော GMO Food Law အား အတည်ပြုခဲ့သည့် ဥရောပပါလီမန် | ၂ |
| ၅။ | အီးယူ၏ အလုပ်လက်မဲ့နှုန်း အနည်းငယ် ကျဆင်းခဲ့ခြင်း | ၂ - ၃ |
| ၆။ | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံကျဆင်းခဲ့သည့် ယူရိုဇုန် | ၃ |
| ၇။ | သခွားမွေး ၁ ဘီလီယံကီလိုဂရမ်ခန့် ဝယ်ယူခဲ့သည့် အီးယူ | ၃ |

**ဘယ်လ်ဂျီယံနိုင်ငံတွင် ပြုလုပ်မည့် မြန်မာ့စီးပွားရေးအခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲ**

ဘယ်လ်ဂျီယံနိုင်ငံ၊ မီချီလန်မြို့ရှိ ဖလန်းဒါးကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ "မြန်မာ့စီးပွားရေးအခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲ" တစ်ရပ်အား ဘယ်လ်ဂျီယံနိုင်ငံ၊ Antwerp ပြည်နယ်၊ မီချီလန်မြို့၌ ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မှတ်တမ်းရုပ်ရှင်အား Fox 5 New York Channel တွင် ထုတ်လွှင့်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် US – Television**

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မှတ်တမ်းရုပ်ရှင်အား Fox 5 New York Channel တွင် ထုတ်လွှင့်ပြသနိုင်ရန် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် Big Media Group ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ဗြိတိန်နိုင်ငံအခြေစိုက် US – Television က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

Big Media Group ၏ လက်အောက်ခံမီဒီယာအေဂျင်စီတစ်ခုဖြစ်သော The European Times သည် မြန်မာနိုင်ငံ၏စီးပွားရေးအခွင့်အလမ်းများအကြောင်းကို အထူးပြုဖော်ပြထားသော မဂ္ဂဇင်းတစ်စောင် (http://www.european-times.com/publications/ myanmar.pdf ) အား ၂၀၁၄ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့ပါသည်။

**ဘင်္ဂလားဒေ့ရှ်ပင်လယ်ကမ်းခြေကာကွယ်ရေးကန်ထရိုက်အား ရရှိခဲ့သည့် ဒတ်ချ်ကုမ္ပဏီ**

ဒတ်ချ်ကုမ္ပဏီတစ်ခုဖြစ်သော Royal HaskoningDHV သည် ဘင်္ဂလားဒေ့ရှ်ပင်လယ်ကမ်းခြေကာကွယ်ရေးကန်ထရိုက်အား ရရှိခဲ့ပြီး Bangladesh Water Development Board for Engineering Consultancy Services နှင့် ၃၀-၁၂-၂၀၁၄ ရက်နေ့တွင် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပါသည်။

၆ နှစ်သက်တမ်းရှိသောစာချုပ်တန်ဖိုးမှာ ယူရို ၁၀.၅ သန်း ဖြစ်ပြီး ၁၀၀၀ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိသော ဘင်္ဂလားဒေ့ရှ် ပင်လယ်ကမ်းခြေအား သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက်မှုများမှ အကာအကွယ်ပေးရမည် ဖြစ်ပါသည်။

အဆိုပါစီမံချက်အား ကမ္ဘာ့ဘဏ်၏ ငွေကြေးထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**ကိုးကားချက် - Royal HaskoningDHV**

**အငြင်းပွားဖွယ်ဖြစ်နေသော GMO Food Law အား အတည်ပြုခဲ့သည့် ဥရောပပါလီမန်**

ဥရောပပါလီမန်သည် အငြင်းပွားဖွယ်ဖြစ်နေသော GMO[1] Food Law အား ထောက်ခံမဲ ၄၈၀ မဲ၊ ကန့်ကွက်မဲ ၁၅၉ မဲနှင့် ကြားနေမဲ ၅၈ မဲတို့ဖြင့် ၁၃-၁-၂၀၁၅ ရက်နေ့က အတည်ပြုခဲ့ပါသည်။

အဆိုပါဥပဒေအရ အီးယူအဖွဲ့ဝင်နိုင်ငံအသီးသီးသည် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ ရရှိမည်ဖြစ်ပါသည်။ လက်ရှိကာလတွင် အီးယူ၌ စိုက်ပျိုးရန် ခွင့်ပြုထားသည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောကောက်ပဲသီးနှံ ၈ မျိုးရှိပါသည်။

ဗြိတိန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောကောက်ပဲသီးနှံများအား စတင်စိုက်ပျိုးရန် မျှော်လင့်လျက်ရှိပါသည်။

**အီးယူ၏ အလုပ်လက်မဲ့နှုန်း အနည်းငယ် ကျဆင်းခဲ့ခြင်း**

အီးယူ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ၁၀.၁% ရှိခဲ့ရာမှ နိုဝင်ဘာလတွင် ၁၀% သို့ အနည်းငယ် ကျဆင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ယူရိုဇုန်၏ အလုပ်လက်မဲ့နှုန်းသည် ပြောင်းလဲမှုမရှိဘဲ ၁၁.၅% ဖြင့် တည်ငြိမ်လျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် အလုပ်လက်မဲ့ဦးရေသည် အီးယူ၌ ၂၄.၄၂၃ သန်းခဲ့ရှိပြီး ယူရိုဇုန်၌ ၁၈.၃၉၄ သန်းခန့်ရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် အလုပ်လက်မဲ့ဦးရေသည် အီးယူ၌ ၁၉၀၀၀ ခန့် ကျဆင်းခဲ့ပြီး ယူရိုဇုန်၌ ၃၄၀၀၀ ခန့် မြင့်တက်ခဲ့ကြောင်း ၂၀၁၅ ခုနှစ်၊

[1] Genetically Modified Organism

ဇန်နဝါရီလပထမပတ်တွင် အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံကျဆင်းခဲ့သည့် ယူရိုဇုန်**

ယူရိုဇုန်၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ၀.၃% ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် -၀.၂% သို့ ကျဆင်းခဲ့သည်ဟု ခန့်မှန်းရကြောင်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလပထမပတ်တွင် အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**သခွားမွှေး ၁ ဘီလီယံကီလိုဂရမ်ခန့် ဝယ်ယူခဲ့သည့် အီးယူ**

၂၀၁၃ - ၂၀၁၄ ရာသီနှစ် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထိ) တွင် အီးယူအဖွဲ့ဝင်နိုင်ငံများသည် ယူရို ၇၈၈.၉၅ သန်းခန့် တန်ဖိုးရှိသော သခွားမွှေး ကီလိုဂရမ် ၉၃၉.၀၅ သန်းခန့် ဝယ်ယူတင်သွင်းခဲ့ပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ သခွားမွှေး အများဆုံး တင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ စပိန်နိုင်ငံ (ကီလို ၃၅၃.၄၆ သန်း)၊ ဘရာဇီးလ်နိုင်ငံ (ကီလို ၁၇၀.၂၇ သန်း)၊ နယ်သာလန်နိုင်ငံ (ကီလို ၁၁၅.၀၆ သန်း)၊ ကော်စတာရီကာနိုင်ငံ (ကီလို ၅၇.၀၃ သန်း)နှင့် မော်ရိုကိုနိုင်ငံ (ကီလို ၄၆.၆၂ သန်း) တို့ ဖြစ်ကြပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ နယ်သာလန်နိုင်ငံက ရောင်းချခဲ့သည့် သခွားမွှေးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယူရို ၁.၀၄ ဖြစ်ပြီး ဘရာဇီးနိုင်ငံ၏ သခွားမွှေးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယူရို ၀.၇၃ ဖြစ်ကာ စပိန်နိုင်ငံ၏ သခွားမွှေးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယူရို ၀.၆၉ ဖြစ်ကြောင်း သိရှိရပါသည်။

**ကိုးကားချက်** - Hortoinfo